AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားလူမျိုး မိသားစုများ

## ဩစတြေးလျားလူမျိုး မိသားစုများက မည်ကဲ့သို့သော ပုံစံမျိုးရှိသနည်း



ဩစတြေးလျား၌ မိသားစုဖွဲ့စည်းတည်ဆောက်ထားပုံ အမျိုးအစား မြောက်မြားစွာရှိသည်။



၎င်းတို့မှာ သင်ယှဉ်ပါးနေသည့် မိသားစုပုံစံနှင့် အလွန်ကွာခြားနိုင်သည်။



ဩစတြေးလျား မိသားစုများ၌ ပါဝင်နိုင်ဖွယ်ရှိသည်တို့မှာ၊


- ဖခင်၊ မိခင်နှင့် ကလေးများ



- ပထွေး၊ မိထွေး နှင့် လင်ပါ၊ မယားပါ သားသမီးများ



- မိဘများအလား ကြည့်ရှုစောင့်ရှောက်ပေးသူများနှင့် ကလေးများ



- အချင်းချင်း ကြည့်ရှုစောင့်ရှောက်ကြသော မောင်နှမများ



- လိင်တူ မိဘများ



- မြေးများအား ကြည့်ရှုစောင့်ရှောက်ပေးနေသည့် အဖိုးအဖွားများ



- ကလေးများအား ကြည့်ရှုစောင့်ရှောက်သော မိဘတစ်ပါးတည်း တို့ဖြစ်သည်

# ဩစတြေးလျားလူမျိုး မိသားစုများက မည်မျှ ကြီးမားသနည်း



ဩစတြေးလျားလူမျိုး မိသားစုများသည် အရွယ်အစားမရွေး အမျိုးစုံရှိနိုင်သည်။




မိသားစုများစွာ၌ ကလေး 1 ဦး သို့မဟုတ် 2 ဦးသာ ရှိကြသည်



အခြားမိသားစုများ၌မူ 3 ဦး သို့မဟုတ် 4 ဦး ရှိကောင်းရှိနိုင်ကြသည်။



အချို့မိသားစုများ၌ ကလေးများ လုံးဝမရှိကြပါ။




အမျိုးသမီးများစွာသည် အသက် 30 မကျော်သေးသမျှ ကလေးမယူကြပါ။

# တိုးရဲ့မိသားစုကြီး



တိုးရဲ့မိသားစုကြီးများ၌ မိသားစု၏
အစိတ်အပိုင်းများစွာတို့ အတူတကွ နေနိုင်ကြသည်။



တိုးရဲ့မိသားစုတစ်စုတွင် ပါဝင်နိုင်သည်တို့မှာ၊

- အဖိုးအဖွားများ
- အဒေါ်များ၊ ဦးလေးများ
- ဝမ်းကွဲ ညီအစ်ကိုမောင်နှမများ တို့ဖြစ်သည်

သြစတြေးလျား လူမျိုးအားလုံး တိုးရဲ့မိသားစုကြီး
ပုံစံနှင့် မနေထိုင်ကြပါ။ အိုမင်းလာနေကြသော မိဘများ
နေထိုင်ဖွယ်ရှိရာ နေရာများမှာ၊




- ၎င်းတို့၏ ကိုယ်ပိုင်အိမ်များ၌



- အိုမင်းနေကြသူများအား
  ကြည့်ရှုစောင့်ရှောက်ပေးသည့် အထူးအိမ်ရာများ၌
  ဖြစ်သည်

# အိမ်ထောင်ပြုခြင်း




ဩစတြေးလျား၌ အမျိုးသားများ နှင့် အမျိုးသမီးများသည် အိမ်ထောင်မပြုဘဲ အတူနေထိုင်နိုင်ကြသည်။




၎င်းကို ဓလေ့ထုံးတမ်းအရ ဆက်ဆံမှုသို့မဟုတ် လက်မထပ်ဘဲ အတူနေသည့် ဆက်ဆံမှုဟုခေါ်သည်။




၎င်းကို လူမှုရေးအရရော၊ ဥပဒေအရပါ လက်ခံအသိအမှတ်ပြုသည်။



ဩစတြေးလျား၌ သင်သည် အောက်ပါသော ပုံစံမျိုးအရ မတူညီသူများအား လွတ်လပ်စွာ အိမ်ထောင်ပြုနိုင်သည်

- လူမျိုးအရ
- ယဉ်ကျေးမှုအရ
- ဘာသာရေးအရ တို့ဖြစ်သည်


**18+**

သင် အိမ်ထောင်ပြုနိုင်ရန် အသက် 18 နှစ်အထက်ရှိရန် လိုအပ်သည်။



အကယ်၍သင်သည် အသက် 18 နှစ်အောက်ဖြစ်နေပါက၊ သင် အိမ်ထောင်ပြုခွင့်ကို တရားရုံးက ဆုံးဖြတ်ပေးလိမ့်မည်ဖြစ်သည်။

သင့်ထံ၌ အလွန်ကောင်းမွန်သော အကြောင်းပြချက်ရှိရန်လိုအပ်မည်။




ဩစတြေးလျား၌ လူကြီးမိဘသဘောတူသော ထိမ်းမြားမှုကို လက်ခံမည်မှာ အကယ်၍ အိမ်ထောင်ပြုမည့် သူနှစ်ဦးလုံးသည်

- တစ်ဦးကိုတစ်ဦး လက်ထပ်လိုကြပြီး
- အသက် 18 နှစ်အထက်ရှိကြရမည်



မည်သူ့ကိုမျှ အတင်းအကျပ် လက်မထပ်ခိုင်းနိုင်ပါ



အတင်းအကျပ် အိမ်ထောင်ပြုပေးခြင်းများမှာ တရားမဝင်ပါ



တစ်ချိန်တည်း၌ ခင်ပွန်း သို့မဟုတ် ဇနီးတစ်ဦးထက်မက ပို၍ရှိခြင်းမှာလည်း တရားဥပဒေနှင့်ဆန့်ကျင်သည်။




အကယ်၍ လူ 2 ဦးသည်
အိမ်ထောင်မဆက်လိုကြတော့လျှင်၊ သူတို့
ကွာရှင်းပြတ်စဲနိုင်ကြသည်။


ကွာရှင်းပြတ်စဲကြခြင်းမှာ




- သမားရိုးကျဖြစ်ပြီး
- လူမှုအသိုင်းအဝိုင်းက လက်ခံသည်

ဩစတြေးလျား၌ လူများ ကွာရှင်းပြတ်စဲကြပြီး
ပြန်လည်လက်ထပ်ကြခြင်းမှာ သမားရိုးကျဖြစ်သည်။

## အလုပ် နှင့် အလုပ်အကိုင်များ



ဩစတြေးလျား အမျိုးသမီးများစွာတို့သည်
အလုပ်အကိုင်များရှိကြပြီး အိမ်ပြင်ပထွက်၍
အလုပ်လုပ်ကြသည်။



ဩစတြေးလျား အမျိုးသားများစွာတို့သည် အိမ်မှုကိစ္စတွင်
ဝိုင်းဝန်းကူညီပေးကြသည်။



ယင်းအလုပ်များတွင် ပါဝင်နိုင်ဖွယ်ရှိသည်တို့မှာ၊

- မိသားစုအတွက် လိုအပ်မှုရှိသော အစားအစာများကို ဝယ်ခြမ်းခြင်း
- ချက်ပြုတ်ခြင်း
- သန့်ရှင်းရေးလုပ်ခြင်း
- ကလေးများအား ကြည့်ရှုစောင့်ရှောက်ခြင်းတို့ဖြစ်သည်



အချို့အမျိုးသားများက အမျိုးသမီးများ အလုပ်သွားစဉ် အိမ်မှာနေ၍ ကလေးများအား ကြည့်ရှုစောင့်ရှောက်ပေးကြသည်



ဆယ်ကျော်သက်များ၌ အချိန်ပိုင်းအလုပ်အကိုင်များ ရှိလေ့ရှိထရှိပြီး ၎င်းက သူတို့အား အထောက်အကူပြုသည်တို့မှာ

- ဝင်ငွေရှိစေခြင်း
- ကျွမ်းကျင်မှုအသစ်များကို တတ်မြောက်စေခြင်းတို့ဖြစ်သည်




အလုပ်အကိုင်ရှိခြင်းအားဖြင့် သူတို့အနေနှင့် အထောက်အကူရသည်တို့မှာ

- အလုပ်အကိုင်ဆိုင်ရာ အတွေ့အကြုံ ရရှိခြင်း
- ဝင်ငွေရရှိခြင်း
    - ၎င်းတို့အတွက် နှင့်
    - ကျသင့်ငွေ တောင်းခံလွှာများကို ပေးချေရာ၌ မိသားစုအား ကူညီပံ့ပိုးရန်အတွက်တို့ဖြစ်သည်

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM